Tavoyan Women's Union (TWU)
ထားဝယ်အမျိုးသမီးသမဂ္ဂ

PO Box (126) ❖ Mae Sot, Tak, 63110 ❖ Thailand ❖ twu48@yahoo.com ❖


ဖေဖော်ဝါရီ ၂၅ ရက်၊ ၂၀၁၅ ခုနှစ်

## ထားဝယ်အမျိုးသမီးသမဂ္ဂ၏ သတင်းထုတ်ပြန်ချက်

## ထားဝယ်အထူးစီးပွားရေးဇုံဘက်သားများ၏ နှောင့်ယှက်ရန်ပြုမှုကို အမျိုးသမီးတက်ကြွလှုပ်ရှားသူများ ကြုံတွေ့နေရခြင်း

ထားဝယ်အမျိုးသမီးသမဂ္ဂ (TWU) သည် ထားဝယ်အထူးစီးပွားရေးဇုံ (DSEZ) နှင့် ဆက်စပ်စီမံကိန်းများ၏ သက် ရောက်မှုများအပေါ် စိုးရိမ်ပူပန်မှုများထုတ်ဖော်ပြနေသည့် အမျိုးသမီးများအပေါ် နှောင့်ယှက်ရန်ပြုမှုနှင့် ခြိမ်းခြောက် အနိုင်ကျင့်မှုတို့ တိုးမြင့်လာခြင်းကို အလေးအနက်ပူပန်မိပါသည်။

ထိုင်း၊ ဂျပန်နှင့် တရုတ် ရင်းနှီးမြှုပ်နှံသူများက ထားဝယ်ဒေသရှိ DSEZ နှင့် အခြားမဟာစီမံကိန်းကြီးများ ဆက်လုပ်မည့် ၎င်းတို့ရည်ရွယ်ချက်ကို မကြာသေးမီက အတည်ပြုခဲ့သည့်အချိန်တွင် ဒေသခံအာဏာပိုင်များနှင့် စီမံကိန်းဘက်သား များက အသက်မွေးမှုဘဝများနှင့် ပတ်ဝန်းကျင်အပေါ် စီမံကိန်းများ၏ ဆိုးကျိုးသက်ရောက်မှုများအကြောင်း ထုတ်ဖော် ပြောဆိုခဲ့ကြသည့် TWU အပါအဝင် အမျိုးသမီးများအား လူသိရှင်ကြားနှောင့်ယှက်ရန်ပြု ခြိမ်းခြောက်နေကြသည်။

"ကျမတို့ ဘဝများ - ရောင်းရန်မဟုတ်--ထားဝယ်အမျိုးသမီးများက DSEZ ကို ဆန့်ကျင်ဖွင့်ချချက်" ဟူသည့် TWU အစီရင်ခံ စာကို ထုတ်ဝေပြီး ငါးပတ်အကြာ ၂၀၁၅ ခု ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် တနင်္သာရီတိုင်းအစိုးရဒုဝန်ကြီး ဦးဘုန်းဆွေ က DSEZ ထောက်ခံသည့် လူထုဆန္ဒပြပွဲတခုကို စီစဉ်ခဲ့သည်။ နဖူးစည်းစာတန်းများကိုင်၍ ကြွေးကြော်သံများ ဟစ်အော်နေသော လူ ၃၀၀ ခန့်သည် ထားဝယ်ရေနက်ဆိပ်ကမ်းနေရာသို့ ချီတက်ခဲ့ကြပြီး စီမံကိန်းဆန့်ကျင်သူမှန် သမျှ ၎င်းတို့၏"ရန်သူ"ဖြစ်ကြောင်း ကြေညာခဲ့ကြသည်။ အဆိုပါဖြစ်စဉ်ကိုစောင့်ကြည့်နေသော TWU အဖွဲ့ဝင်များကို တွေ့သည့်အခါ ဆန္ဒပြခေါင်းဆောင်များက မိုက်ခွက်မှနေ၍ "TWU ဆိုတာ အဖျက်သမားတွေ၊ ငါတို့ရန်သူတွေ" ဟု အော်ဟစ်ခဲ့ကြသည်။

ကျမတို့ကွန်ယက်တွင်းမှ အမျိုးသမီးများကိုလည်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မည်ဟု ခြိမ်းခြောက်ခဲ့မှုမှာ အလွန်စိတ် ညစ်ညူးစရာဖြစ်သည်။ ယခင်လက ထားဝယ်တောင်ဘက်ရှိ သဂျက်တောရွာတွင် မြန်မာ-ကိုးရီးယား ဖက်စပ်ကုမ္ပဏီ ဖြစ်သည့် "၂၄ နာရီ" ကုမ္ပဏီက ဆောက်လုပ်ရန်စီစဉ်ထားသည့် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ၏ ဒေသခံ ပွဲစားတဦးက စီမံကိန်းကို ဦးဆောင်ဆန့်ကျင်နေသည့် အမျိုးသမီးတဦးကို အဓမ္မပြုကျင့်မည်ဟု ခြိမ်းခြောက်ခဲ့သည်။

၎င်းရွာမှာပင် ကျောက်မီးသွေး၏ဆိုးကျိုးများကို အသိပညာပေးနေသည့် ရွာခံအထက်တန်းကျောင်းမှ ဆရာမများအား မြို့နယ်နှင့်တိုင်းပညာရေးမှူးများက ပြီးခဲ့သည့်လအတွင်း သုံးကြိမ်လာတွေ့ခဲ့ပြီး ကျောက်မီးသွေးစီမံကိန်းကို မဆန့်ကျင် ရန်နှင့် "နိုင်ငံရေး၌မပတ်သက်ရန်" သတိပေးခဲ့သည်။ ဆရာမများသည် "နိုင်ငံရေးသင်ပေးနေသည်"ဟု မိဘများက တိုင်ကြကြောင်း အဆိုပါအာဏာပိုင်များက ပြောခဲ့သည်။

ယင်းကဲ့သို့သော နှောင့်ယှက်ရန်ပြုမှုများနှင့် ခြိမ်းခြောက်မှုများကို TWU က ပြင်းပြင်းထန်ထန်ရှုတ်ချလိုက်ပြီး နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအနေဖြင့် DSEZ နှင့် ဆက်စပ်စီမံကိန်းများထဲ ၎င်းတို့၏ပါဝင်ပတ်သက်မှုကို ပြန်လည်သုံးသပ်ကြရန် တိုက်တွန်းလိုက်ပါသည်။ သို့မဟုတ်ပါက ၎င်းတို့သည် မတရားဖောက်ဖျက်မှုများတွင် ကြံရာပါဖြစ်လာပါလိမ့်မည်။

တရုတ်ကုမ္ပဏီတခုက ထားဝယ်တောင်ဘက်တွင် ဒေါ်လာ ၂.၉ ဘီလီယံတန်ဖိုးရှိ ရေနံချက်စက်ရုံ တည်ဆောက်ရန် အတွက် စေ့စပ်ဆွေးနွေးမှုများမှာ တိုးတက်သည့်အဆင့်တခုသို့ ရောက်နေပြီဖြစ်ကြောင်း တရုတ်မီဒီယာတွင် ကြေညာ ပြီး တပတ်အကြာ၊ ၂၀၁၅ ခု ဖေဖော်ဝါရီ ၉ ရက်တွင် ထိုင်းနှင့်ဂျပန်အစိုးရများက DSEZ ကိုအားပေးမြှင့်တင်မည့် ပူးတွဲ တာဝန်ယူပိုင်းဖြတ်ချက်ကို အတည်ပြုခဲ့ကြသည်။

**ဆက်သွယ်ရန် ဖုန်း -**

မယ်စုစုဆွေ - ၀၉၄ ၂၅၀ ၂၇၆၈၁

မမာလာ - ၀၉၃ ၂၂၆ ၀၄၂၃

မယ်ချစ်ချစ်ဝင်း- ၀၉၂၅၂ ၇၅၈ ၁၄၄

မယ်စိုးစိုးနွယ်- ၀၉ ၂၅၄၀ ၂၂၁၈၀